# ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

## ၁၉၆၇ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

**[၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]**

**၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။**

**(၁၉၆၇ ခုနှစ်၊ စက်တဘာလ ၂၅ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါ ဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၇ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်း အကျိုးသက်ရောက်ရမည်။

၂။ ။ (၁) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အောက်ပါ ဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာ အသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ စက်တဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်းသည်၊ ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ (၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည်ဟူ၍ မှတ်ယူ ရမည်။

**ပြည်ထောင်စု၏ အသုံးစရိတ်စာရင်း**

| | | | | |
|---|---|---|---|---|
| | | | ခွဲဝေသည့်ငွေ | |
| | ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | | | |
| | | | နောက်ထပ်ခွင့်ပြုငွေ | "စတိ"ခွင့်ပြုငွေ |
| | | | ကျပ် | ကျပ် |
| | ငွေလုံးငွေရင်းအသုံးစရိတ် | | | |
| ပညာရေး | .... | .... | ၃၀,၃၅,၀၈၀ | ၈၀ |
| သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး | | | ၅၀,၀၀၀ | ၁၀ |



Myanmar Law Information System (MLIS)

| | | | | |
|---|---|---|---|---|
| | ပေါင်း | .... | ၃၀,၈၅,၀၈၀ | ၉၀ |

## အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| | | | | |
|---|---|---|---|---|
| | | | ခွဲဝေသည့်ငွေ | |
| | အဖွဲ့အစည်းအမည် | | | |
| | | | နောက်ထပ်ခွင့်ပြုငွေ | “စတီ”ခွင့်ပြုငွေ |
| | | | ကျပ် | ကျပ် |
| | သာမန်အသုံးစရိတ် | | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | | | ၂၃,၇၇,၄၀၀ | ၁၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ | .... | .... | ၅,၀၀၀ | ၁၀ |
| | ငွေလုံးငွေရင်းအသုံးစရိတ် | | | |
| မြေယာကျေးလက်ကြီးပွါးတိုးတက်ရေးကော်ပိုရေးရှင်း။ | | | ၃,၀၀,၀၀၀ | ၁၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ | | .... | ၃,၆၆,၆၇၀ | ၁၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | | | ၃၁,၄၁,၀၀၀ | ၂၀ |
| ပြည်သူ့ရေနံလုပ်ငန်းအဖွဲ့ | | .... | ၄,၈၅,၀၀၀ | ၁၀ |
| | ငွေရေးကြေးရေးအသုံးစရိတ် | | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | | | ၁၂,၉၅,၈၃၀ | ၁၀ |
| ပေါင်း | .... | | ၇၉,၇၀,၉၀၀ | ၈၀ |

ဗိုလ်နေဝင်း၊

ဥက္ကဋ္ဌ၊

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

Myanmar Law Information System (MLIS)

နေ့စွဲ၊ ရန်ကုန်မြို့၊ ၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တဘာ်ာလ ၂၅ ရက်။)

အမိန့်အရ၊
ဗိုလ်မှူးကြီးကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)